ဘဒ္ဒန္တဥက္ကဇ္ဇောဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)

ကုသိုလ်က ကုသိုလ်ကိုကျေးဇူးပြုသော တရားတော်

၇ ၊ ၃ ၊ ၂၀၁၁

ကောင်းတယ်, ဆိုးတယ်– ဘယ်နှစ်မျိုးတုံး (နှစ်မျိုးပါဘုရား)၊ အဲဒီကောင်းတယ်, ဆိုးတယ်ဆိုတာ ဘယ်ကလာသတုံး–**'ကံ'**ကလာတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အေးအဲသလို မှတ်ထား၊ ကောင်းတယ်, ဆိုးတယ် ဆိုတာကဘာတုံး–**အကျိုး**၊ ကောင်းတယ်,ဆိုးတယ် ဆိုတာ ကဘာတုံး (အကျိုးပါဘုရား)။

'ကောင်းတာ'က ဘာတုံးလို့ဆိုတော့ ကောင်းတာ ကိုကုသိုလ်လို့ဆိုရတာပေါ့၊ **'ကောင်းတာ'**ကို ဘာလို့ဆို တယ် (ကုသိုလ်လို့ဆိုပါတယ်ဘုရား)၊ **'သုခ'**ဆိုရင် ဘယ်လို ဆိုသတုံး–**'အကျိုး'**လို့ဆိုတယ်၊ **ကောင်းတာက ကုသိုလ်**– ဆိုစမ်း(ကောင်းတာကကုသိုလ်)၊ **သုခကချမ်းသာ** (သုခက ချမ်းသာ)၊ အဲဒါအကျိုး၊ အကြောင်း အကျိုး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ မကောင်းတာတော့ သိရောပေါ့၊ ကောင်းတာ လည်း သိရောပေါ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ကောင်းတာ တွေက–**ကုသိုလ်**၊ ကုသိုလ်ရဲ့အကျိုးဆိုတာက–**သုခ**၊ သုခရဲ့အကျိုးက–**ချမ်းသာ**။

မကောင်းတာတော့ သိရောပေါ့၊ မကောင်းတာက

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော် –**အကုသိုလ်**၊ မကောင်းတဲ့အကျိုးက–**ဒုက္ခ**၊ ဒုက္ခဆိုတော့ ဆင်းရဲပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)။

အဲဒါဘယ်သူတွေခံစားရသတုံးဆိုတော့ ပညတ်ကတော့ လူတွေခံစားတယ်၊ သတ္တဝါတွေခံစားတယ်လို့ ဒီလိုဆိုတယ်၊ စင်စစ် ကောင်းတယ်ဆိုတဲ့ဟာက ဘယ်ကလာသတုံးဆိုတော့ **'ကုသလ'**ကလာတယ်, ဘယ်ကလာတုံး(ကုသလကလာပါတယ်ဘုရား)၊ အေး**'ကုသလ'**ကလာတယ်၊ ကောင်းတယ်, ကောင်းတယ် ချည်းပဲ ဆက်မနေဘူးလား (ဆက်နေပါတယ်ဘုရား)၊ အဲဒါ–**ကုသလော ဓမ္မော ကုသလသဿဓမ္မသ**(ကုသလောဓမ္မော ကုသလသဿ ဓမ္မသ)၊ အဲဒါ ကုသိုလ်ချည်းပဲ ဆက်နေတယ်၊ ငရဲကျတော့ အကုသိုလ်ချည်းပဲ ဖြစ်နေတယ်၊ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ **အကုသလော ဓမ္မော အကု သလသ ဓမ္မသ** (အကုသလောဓမ္မော အကုသလသ ဓမ္မသ)၊ နတ်ပြည်တို့ကျတော့–**ကုသလော ဓမ္မော ကုသလသ ဓမ္မသ**၊ ငရဲကျတော့–**အကုသလော ဓမ္မော အကုသလာသ ဓမ္မသ**၊ အေး အဲဒီလောက်လေးကို မှတ်ထားအုံး၊ များလွန်းလို့ရှိရင် ဉာဏ်ကအဝှါပြုသွားလိမ့်မယ်၊ ဉာဏ်ပြောတော့, ဉာဏ်ပြောတာ။

အဲဒါ ကုသိုလ်, အကုသိုလ်တွေရောက်သွားပြီ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အကျိုးကျတော့ ကုသိုလ်,

အကုသိုလ်တွေကိုပဲ၊ ဟိုဟာကတော့ အကုသလောဓမ္မော အကုသလသ ဓမ္မသ လို့ဆိုတယ်၊ ကုသလောဓမ္မော ကလည်း ကုသိုလ်ချည်းပဲ၊ သတ္တဝါမပါတဲ့ဟာက ဘယ်ဟာ တုံးဆိုတော့ **'ဓမ္မသ'**ကမပါဘူး၊ **'ဓမ္မသ'**ကဘာမပါတုံး (သတ္တဝါမပါတာပါဘုရား)၊ ကုသိုလ်တော့ပါတယ်၊ **'ကုသိုလ် ဓမ္မ'**တော့ဟုတ်တယ်၊ ဒကာမကြီးတို့ကျတော့ ဘယ်လို ဖြစ်သတုံးဆိုတော့ သတ္တဝါတွေပါလာတယ်၊ မပါဘူးလား, ပါသလား(ပါပါတယ်ဘုရား)၊ **ကုသိုလ်ဓမ္မသ**–ကုသိုလ် ကလည်းဆက်နေတယ်နော်၊ **ကုသလော ဓမ္မော ကုသလသ ဓမ္မသ**–ကုသိုလ်ချည်းပဲရှိနေတယ်နော်၊ ဟိုမျက်စိတွေ,နားတွေ, နှာခေါင်းတွေ မပါသေးဘူး၊ မျက်စိတွေ, နားတွေ, နှာခေါင်း တွေ, လျှာတွေ, ကိုယ်တွေက ဝိပါကဖြစ်တယ်၊ ဝိပါကကတခြား။

'ကုသလော ဓမ္မော ကုသလသ ဓမ္မသ' ဆိုရင်လည်း အဲဒီဝိပါကမပါသေးဘူး၊ ကုသိုလ်ချည်းပဲ ရှိသေးတယ်၊ **'ဓမ္မသ'**ကလည်း ကုသိုလ်ချည်းပဲ၊ အဲဒါ စာသွားစာလာ–သဘောသွား သဘောလာ၊ စာသွား စာလာ က–**ပရိယတ်**၊ သဘောသွား သဘောလာက–**ပဋိပတ်**၊ ဒကာမကြီးတို့ကတော့ မခွဲသေးပါဘူး၊ မျက်စိ အရင်, နားတွေအရင် ဘာတွေဖြစ်သတုံး–ကုသလော ဓမ္မောတွေ ဖြစ်တယ်၊ ကုသလောဓမ္မောက–**အကြောင်း**၊ ကုသလသ ဓမ္မသက–**အကျိုး**၊ သူကဆက်ဆက်နေတယ်၊ **ကုသလော**

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်

မေ္ဃာ ကုသလသမ္ဘဝ၊ ကုသလော မေ္ဃာ–ကုသိုလ်သည်၊ **ကုသလသ ဓမ္မသ**–ကုသိုလ်အား၊ **ကုသိုလ်သည် ကုသိုလ်အား**–ဘယ်ဟာကရှေ့ ဘယ်ဟာကနောက်တုံး (ကုသိုလ်သည်ကရှေ့၊ ကုသိုလ်အားက နောက်ပါဘုရား)၊ အဲဒါကဘာဖြစ်တုံးဆိုရင်–**ရှေ့နောက်**၊ အဲဒါဘာခေါ်တုံး (ရှေ့နောက်ပါဘုရား)၊ အေး ရှေ့နောက်၊ မြစ်ရေစီးသလိုပေါ့၊ မီးလျှံထွက်သလို၊ ကုသိုလ်–ကုသိုလ်–ကုသိုလ်–ကုသိုလ်နဲ့၊ အဲသလိုသိစေတယ်။

အဲဒီကုသိုလ်ကို ပဏ္ဍာဝါရကျတော့**'ဒါနံဒတ္တာ သီလံသမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ'**တဲ့၊ ဒီလိုလာတယ်၊ ဒါနတွေဘာတွေက ကုသိုလ်တွေဖြစ်သွားတယ်၊ ဒါန တွေ ဘာတွေက ဘာတွေဖြစ်သွားတုံး (ကုသိုလ်တွေဖြစ်သွားပါတယ်ဘုရား)၊ ရှေ့ကလည်းဒါန, နောက်ကလည်းဒါနနဲ့၊ ရှေ့ဒါန, နောက်ဒါန၊ ကုသိုလ်တွေချည်းပဲ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အေး ကုသိုလ်တွေ၊ ကုသိုလ်တွေဆိုတာ လှူလိုက်တန်းလိုက်တဲ့အခါမှ ဒီလို မဟုတ်ဘူး၊ အမှတ်ရရင်လည်း ကုသိုလ်ပဲ၊ အမှတ်ရရင်လည်း (ကုသိုလ်ပါဘုရား)၊ အေး အဲဒါ။

ဒါနံ ဒတ္တာ တံ ပစ္စဝေက္ခတိ၊ ဒါနံ–အလှူကို၊ **ဒတ္တာ**– ပေးလှူ၍၊ **တံ**–ထိုအလှူကို၊ **ပစ္စဝေက္ခတိ**–ဆင်ခြင်၏၊ အဲဒါဘာတုံးဆိုတော့မှ**'ကုသိုလ်သည် ကုသိုလ်အား ကျေးဇူးပြုတယ်'**တဲ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊

ဘဒ္ဒန္တဓမ္ကန္ဒေါဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)

ကုသိုလ်သည် ကုသိုလ်အား ဘာဖြစ်တုံး(ကျေးဇူးပြုပါတယ်ဘုရား)၊ မဆင်ခြင်ဘူးဆိုရင် ကုသိုလ်ကို တစ်ခါတည်းမှားတယ်ကွာ, ဘာပြုတယ်ကွာ, ဘယ်သူ့ပေးတယ်နဲ့ အဲဒီလိုဟာတွေရှိသေးတယ်။

ကုသိုလ်က ကုသိုလ်ကို ဘယ်လိုကျေးဇူးပြုပါလိမ့်မတုံးလို့ ဒီလိုဒကာမကြီးတို့က အောက်မေ့တတ်တယ်၊ ဒါနက ဒါနကုသိုလ်စေတနာ၊ ဆင်ခြင်တာကလည်း စေတနာပါပဲ၊ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်တဲ့၊ ဘာက ဘာကို ကျေးဇူးပြုတာလဲ(ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပါတယ်ဘုရား)။

သတ္တဝါတွေကိုသတ်တယ်တဲ့၊ **ပါဏံ ဟန္တာ တံ ပစ္စဝေက္ခတိ**–သတ္တဝါတွေကို သတ်ပြီးရင် ဆင်ခြင်တယ်၊ မဆင်ခြင်ဘူးလား(ဆင်ခြင်ပါတယ်ဘုရား)၊ အဲဒါ ဘာတုံး–**အကုသိုလ်သည် အကုသိုလ်အား**၊ သတ်တာနဲ့, ဆင်ခြင်တာနော်၊ ဂရုစိုက်နော်၊ သတ်တာက သတ်တဲ့ စေတနာ–**ဝဓက စေတနာ**၊ ဆင်ခြင်တာက–**ဆင်ခြင်တဲ့ စေတနာ**၊ သွားသွားမဆင်ခြင်နဲ့၊ အကုသိုလ်တွေ သွားသွားဆင်ခြင်ရင် အကုသိုလ်က အကုသိုလ်ကိုပဲ ကျေးဇူးပြုတယ်တဲ့၊ ဘာက ဘာကို ကျေးဇူးပြု(အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပါတယ်ဘုရား)၊ အေး အဲလိုလေးသိအောင်လို့၊ ကုသိုလ်မှန်းသိတယ်၊ တချို့ ကုသိုလ်မှန်း, အကုသိုလ်မှန်း မသိဘူး၊ ကုသိုလ်မှန်း, အကုသိုလ်မှန်းသိမှ၊ ပြီးတော့ အကြောင်း

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော် အကျိုးကိုလည်း သိမှ, **မနုဿာ**–မနုဿမည်၏ ဆိုတာ၊ မနသ+ဥဿ ပစ္စည်းတဲ့၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အေး အဲလိုမှတ်ထား။

အကုသိုလ်လုပ်တာတွေ သွားမဆင်ခြင်နဲ့နော် (မှန်ပါ့ဘုရား)၊ ဆင်ခြင်တာကဘာတုံး– **အကုသိုလ်**၊ ရှေ့က လုပ်တာကဘာတုံး(အကုသိုလ်ပါဘုရား)၊ အကုသိုလ်လုပ် တာတွေ သွားသွား မဆင်ခြင်နဲ့၊ **အကုသလော ဝမ္မော အကုသလသ ဝမ္မသ**–အေးဆင်ခြင်တာ ဆင်ခြင်တာ၊ **'အကုသလော ဝမ္မော'** ဆိုတာ သတ္တဝါတွေ သတ်တာတို့, ခိုးတာတို့ပေါ့––**အဒိန္နံ အာဒိယိတ္တာ**၊ အဲဒါပဲ မြန်မာလို သိလို့ရှိရင် ပါဠိကိုလည်းသိတယ်၊ သို့မို့လို့ရှိရင် မသိဘူး၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အစလေး အစလေး၊ အဲသလို လေး ပြောပြောပေးရသေးတယ်။

ကုသိုလ်သိပြီလား(သိပါပြီဘုရား)၊ ရှေ့ကုသိုလ် သိပြီလား(သိပါပြီဘုရား)၊ ဘယ်ဟာတုံး– **ဒါနံ**၊ ဒါနတို့, သီလတို့, ဥပေါသထတို့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အေး တောထွက်တာတို့, ဘာတို့ပေါ့၊ ကုသိုလ်တွေပေါ့၊ နောက်ကအဲဒါတွေကို ပြန်ဆင်ခြင်တယ်၊ ဆင်ခြင်ရင် ဘာတုံး–**ကုသလောဝမ္မော ကုသလသသဝမ္မသ**၊ အေး အဲလိုဟာတွေ၊ ဒါ ကတ္တားနဲ့ သမ္မဒါန် ခေါ်တယ်၊ ဘာခေါ် တုံး (ကတ္တားနဲ့ သမ္မဒါန်ခေါ်ပါတယ်ဘုရား)၊ အကြောင်းနဲ့

ဘဒ္ဒန္တဉာဏိန္ဒာဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)
အကျိုးပဲ။

ဒါကစာလို, ပရိယတ်လို၊ **'ဒါနံ'** ဆိုတော့ဘာရတုံး (ဒါနကုသိုလ်ရပါတယ်ဘုရား)၊ အေးဒါနကုသိုလ်ရတယ်၊ **ဒါနံ စဇနလက္ခဏံ**–စွန့်ကြဲခြင်းလက္ခဏာရှိတယ်တဲ့၊ ဒါနက ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ စွန့်ကြဲတယ်, ပေးလှူတယ် ဆိုတာ ပစ္စည်းပါရတာပေါ့၊ ဒါနသိပြီလား(သိပါပြီဘုရား)၊ ဒါနကို ဆင်ခြင်တယ်၊ မနေ့ကလည်း လှူခဲ့တယ်၊ ဟိုးတမြန် နေ့ကလည်း လှူခဲ့တယ်ဆိုတော့ **'ကုသိုလ်သည် ကုသိုလ်အား'** ဘာဖြစ်တယ်(ကျေးဇူးပြုပါတယ်ဘုရား)၊ အေး ကျေးဇူးပြု တယ်တဲ့ အဲဒါ**'ကုသိုလ်သည် ကုသိုလ်အား'**လို့ ဒီလောက် ကလေး သိသေးတာနော်။

ကုသလော ဓမ္မော– ကုသိုလ်ကစေတနာနော် (မှန်ပါ့ဘုရား)၊ အဲဒီစေတနာတွေပဲ သိနေတော့ လူတွေ နတ်တွေ သတ္တဝါတွေပဲဖြစ်နေတယ်၊ ဘာတွေပဲဖြစ်နေတုံး (လူတွေ နတ်တွေ သတ္တဝါတွေပဲဖြစ်နေပါတယ်ဘုရား)၊ အဲသလိုဆိုတော့ ငါလှူတယ်, သူလှူတယ် ဖြစ်မသွား ဘူးလား (ဖြစ်သွားပါတယ်ဘုရား)၊ ငါဆင်ခြင်တယ်, သူဆင်ခြင်တယ် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ ဆင်ခြင် တာလည်း ဘယ်သူတုံး(ငါပါဘုရား)၊ အခု ဒကာမကြီးတို့ အဲသလိုဖြစ်သလား၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အေး အဲဒါမှတ်ထား၊ အဲဒါ**'ဓမ္မော'** မပါလို့၊ ဟုတ်ကဲ့လား

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော် (မှန်ပါ့ဘုရား)၊ **'ကုသလော ကုသလဿ'**ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ကုသလော ကုသလဿ–မနေ့က လှူခဲ့တာကို ဒီနေ့ ဆင်ခြင်တယ်ဆိုရင် ဘယ်လိုလုပ်တာတုံး– အာရုံပြုရတယ်၊ အာရုံပြုမှ သူ့ဆင်ခြင်လို့ရတာပေါ့၊ မနေ့က စျေးထဲက ခိုးလာခဲ့တယ်၊ ဟာ ငါမနေ့ကခိုးလာခဲ့တယ်နဲ့၊ ဒါ အာရုံမပြုဘူးလား, ပြုသလား(အာရုံပြုပါတယ်ဘုရား)၊ အေး အာရုံ အာရုံ၊ အဲဒါမှတ်ထား– **အကုသလောဓမ္မော အကုသလသဿဓမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော၊** ယူလာတဲ့ အာရုံလေးပေါ့၊ စျေးထဲက နှိုက်လာတယ်ပေါ့၊ အဆစ်ကလေးတွေ မပေးဘဲနဲ့ ယူလာတယ်၊ အာရုံပြုတယ်ဆိုတော့ ဘာအာရုံတုံး–အတိတ်ကို အာရုံပြုတယ်၊ ယူလာတဲ့ပုံကလေး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲဒါကျတော့**'ဓမ္မာရုံ'**ဖြစ်သွားတယ်၊ မနောထဲကဆင်ခြင်တယ်၊ ဘယ်ကဆင်ခြင်တုံး (မနောထဲကပါဘုရား)၊ အဲလို အဲလို **'မနော'**ကိုလည်း ငါမှတ်နေတာကိုး၊ **ငါရတယ်**–မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ **ငါတော်တယ်, ငါပါးတယ်**– မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အဲလိုဖြစ်သွားတယ်တဲ့။

အဲဒီခိုးတာလေးဟာ, သူတကာ့ပစ္စည်းလေးကို နှိုက်ယူလိုက်တာ အာရုံလေးနော်(မှန်ပါ့ဘုရား)၊ စေတနာလေးရတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ **အဒိန္နာဒါန**–

လက်ကလေးနဲ့, စေတနာလေးက မနောကံလေးပေါ့၊ လက်ကလေးက ကာယကံလေး၊ ပါးစပ်မပါဘူး၊ စိတ်တော့ကူးသေးတယ်၊ ဒါလေးကောင်းမှာပဲ, ယူမှပဲ၊ အဲ ယူလိုက်ပြီ၊ အဒိန္နာဒါန ဖြစ်သွားပြီ၊ **အဒိန္နာ**–မပေးသော ဥစ္စာကို၊ **အာဒါန**– ယူခြင်း၊ သဘောလေးကို သိအောင်လို့၊ သဘောနဲ့, ကံနဲ့သိအောင်လို့၊ သဘောကံလေးပေါ့၊ ကိုယ့်ကိုယ်ကို သိတယ်နော်၊ ဂရုစိုက်ရတာ၊ အဲဒီခိုးတယ် ဆိုတော့ သူတကာ့ဟာမလိုချင်ဘူးလား (လိုချင်ပါတယ် ဘုရား)၊ ခိုးတယ်ဆိုတာ လိုချင်လို့ပေါ့၊ **'လိုချင်တာ'** ဘာတုံး (လောဘပါဘုရား)၊ **'ခိုးတာ'**ကဘာတုံး(ကံပါဘုရား)၊ အေး အဲဒါက တဏှာ, ဥပါဒါန်, ကံ၊ အဲဒါသွားဂရုစိုက်လိုက်၊ ဘာတဲ့တုံး(တဏှာ, ဥပါဒါန်, ကံ ပါဘုရား)၊ အေး တဏှာ, ဥပါဒါန်, ကံဖြစ်သွားတယ်၊ ဒါ ပဋ္ဌိစ္စသမုပ္ပါဒ်ပဲ၊ ဘာတဲ့ တုံး(ပဋ္ဌိစ္စသမုပ္ပါဒ်ပါဘုရား)။

တဏှာ, ဥပါဒါန်, ကံနော်၊ **'ဥပါဒါန်'**ဆိုတာလည်း တဏှာ ဒိဋ္ဌခေါ်တာပဲ၊ လောဘနဲ့ ဒိဋ္ဌကို ဥပါဒါန်ခေါ်တယ်၊ ဟိုဟာက လောဘခေါ်တယ်၊ ဘာလေးဖြစ်ဖြစ်, ရောင်းတာ ဝယ်တာ, ကျောက်ကလေးဖြစ်ဖြစ်ပေါ့၊ ခဲတံလေး ဘာလေး ဖြစ်ဖြစ်, ဘောပင်လေး ဘာလေးဖြစ်ဖြစ်၊ မပေးဘဲနဲ့ ယူတဲ့ ဟာလေးတွေ ဘာလေးတွေပေါ့၊ အဲဒါ ပဋ္ဌိစ္စသမုပ္ပါဒ် ဖြစ် သွားတော့ကို ငါခိုးတယ်လား, သူခိုးတယ်လား (မဟုတ်ပါ

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်ဘုရား)၊ **တဏှာပစ္စယာ** (ဥပါဒါနံပါဘုရား)၊ **ဥပါဒါနပစ္စယာ**(ကမ္မဘဝေါပါဘုရား)၊ **တဏှာပစ္စယာ ဥပါဒါနံ ဥပါဒါနပစ္စယာ ကမ္မဘဝေါ**–အဲသလိုဆက်ရတယ်။

ဒါမှ ကိလေသာနဲ့, ကံနဲ့၊ ကိလေသာနဲ့, ကံနဲ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ပဋ္ဌိစ္စသမုပ္ပါဒ် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ ဖြစ်တော့ သံသရာမလည်ဘူးလား(လည်ပါတယ်ဘုရား)၊ အဲဒါ ဆင်းရဲလည်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲသလို ဖြစ်သွားတယ်တဲ့၊ **လိုချင်တယ်**–ဆိုစမ်း (လိုချင်တယ်)၊ ယူတယ်ပေါ့, ခိုးတယ်ပေါ့၊ သူတကာ့ဟာကို ယူတယ်ဆိုတော့ ခိုးတာပေါ့၊ ယူတော့ ယူတာပဲ၊ **အာဒါန**–ယူတယ်၊ **'အဒိန္န'**ကို **'အာဒါန'** ဖြစ်သွားတယ်၊ **အဒိန္န+အာဒါန**–ဆိုစမ်း (အဒိန္န+အာဒါန)၊ အဲဒါက ပုဒ်ဖြတ်တာ၊ ဆက်လိုက်တော့–**အဒိန္နာဒါန၊ 'အဒိန္နာဒါန'** ဆိုတာ ဘာတုံး–ပုဒ်စပ်တာ၊ အဒိန္န+အာဒါန ဆိုရင် ပုဒ်ခွဲတာပေါ့၊ အဲသလို ခွဲရတဲ့ဟာ။

ခိုးတာ သူဟုတ်သေးလား (မဟုတ်ပါဘုရား)၊ အေး အဲသလို ဖြစ်သွားတယ်၊ အဲဒါကျတော့ ဥာဏ်ရောက်သွားတာပေါ့၊ အဲလိုပြောတာက အကွက်စိပ်စိပ်ကလေးပြောတာ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အရင်က ကျဲကျဲကလေးပြောထားတာပေါ့၊ အဲဒါမှ အဲလိုရောက်သွားတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ် ဆိုရင် အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ ပဋ္ဌာန်းကလည်း **'ကုသလော ကုသလဿ၊ အကုသလော အကုသ**

လသ’နဲ့ အဲသလိုသွားတယ်၊ ဒါ သဘော သဘော၊ သဘောလည်း သိသွားအောင်လို့၊ အဲဒါ **‘သဘော’** ဆိုတာ ဓမ္မကလာတာ၊ အကုသိုလ်လည်း ဓမ္မောပဲ၊ ကုသိုလ်လည်း (ဓမ္မောပါဘုရား)။

အဲဒီ **‘သဘောတွေ’**ကို သတ္တဝါလို့ ထင်နေကြတယ်၊ ယူနေကြတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲဒါကို **‘သက္ကာယဒိဋ္ဌိ’**လို့ ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲလို ဆင်ခြင်နိုင်အောင်လို့, ဆင်ခြင်တတ်အောင်လို့ ပြောပေးတာ။

‘ခိုးတယ်’ ဆိုတာက တဏှာ, ဥပါဒါန်, ကံ ကိုး၊ **‘ခိုးတယ်’** ဆိုတာ ဘာတုံး (တဏှာ, ဥပါဒါန်, ကံပါဘုရား)၊ အေး အေး အဲဒါ။ **တဏှာ, ဥပါဒါန်, ကံ ဆိုတာ ဘယ်သူတုံး**– ဘယ်သူမှ မဟုတ်ဘူး, အကြောင်းနဲ့ အကျိုးပဲ၊ ဘယ်သူတုံး (အကြောင်းနဲ့အကျိုးပါဘုရား)၊ လူတွေ ဟုတ်သေးလား (မဟုတ်ပါဘုရား)၊ လူတွေလို့ ယူသေးလား (မယူတော့ပါဘုရား)၊ **လူတွေလို့ယူရင်**–သက္ကာယဒိဋ္ဌိ, လူတွေလို့ယူရင်ဘာတုံး (သက္ကာယဒိဋ္ဌိပါဘုရား)၊ **လူတွေလို့ မယူဘူးလို့ဆိုရင် ဘာတုံး**– သက္ကာယဒိဋ္ဌိမရှိတော့ဘူး၊ သောတာပန်ဖြစ်သွားပြီ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ရောက်သွားတာကိုး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အေး အဲသလို အဲသလို။

ခိုးတယ်ဆိုတာ–**အာဒါန**၊ ခိုးတယ်ဆိုတာ ဘာတုံး (အာဒါနပါဘုရား)၊ ယူတာပဲ၊ လက်နဲ့ကောက်ယူတာပဲ၊

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်

လက်နဲ့ကောက်ယူတာ ဘာကံတုံး (ကာယကံပါဘုရား)၊ ခုဇ္ဈတ္တရာ မယူဘူးလား (ယူပါတယ်ဘုရား)၊ ဘာနဲ့ ယူသတုံး (လက်နဲ့ယူပါတယ်ဘုရား)၊ လက်နဲ့ယူတာပဲ၊ ဟိုဟာက ဝတ္ထုဇာတ်လမ်းဖြစ်သွားတယ်၊ ဒီက သဘောသဘာဝနဲ့ ဖြစ်သွားပြီးတော့ ပုဂ္ဂိုလ်သတ္တဝါဟာ ဉာဏ်ထဲမရှိတော့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါလို့ ဉာဏ်ထဲရှိသေးလား (မရှိတော့ပါဘုရား)၊ မရှိတော့ မနောကံတွေ ဘယ့်နှယ့်နေတုံး (ငြိမ်းအေးပါတယ်ဘုရား)၊ အဲလိုဟာတွေ၊ သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ အဲသလို မနောကံတွေ ငြိမ်းသွားတယ်။

သူငါတွေမရှိတော့ဘူး၊ ရိပ်မိလား (မှန်ပါ့ဘုရား)၊ **'စေတနာ'**နဲ့ **'ဆင်ခြင်တာ'**ပဲ– မနောကံနဲ့ ကာယကံ၊ **အဒိန္နာဒါန**–အဲဒါခေါ်တယ်၊ ဘာကံ (မနောကံနဲ့ ကာယကံပါဘုရား)၊ ပြီးတော့ အဒိန္နာဒါနကို ဟိုလူခိုးတယ်, ဒီလူခိုးတယ်နဲ့, ရာဇဝတ်တွေနဲ့, ထောင်တွေနဲ့, ဂါတ်တွေနဲ့ ဘာတွေနဲ့, အချုပ်တွေနဲ့, လက်ထိပ်တွေနဲ့၊ အဲဒါ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ အဲဒါ ဘာတုံး–**လောဘ**၊ အဲသလိုမှ ကြောက်မှာ၊ ကြောက်မှ နောင်မခိုးမှာကိုး၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ **အကုသိုလ်**–ခိုးတယ် ဆိုကတည်းက သူ့မှာကောင်းသေးလား (မကောင်းပါဘုရား)၊ သောမနဿ သဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ– အဲသလို ဖြစ်သွားတယ်၊ အဲဒီလို ဖြည်းဖြည်းချရတယ်၊ ဖြည်းဖြည်းဆိုရတယ်။

'အဒိန္ဓာဒါန' ဆိုတာ ဘယ်လိုဟာဖြစ်သွားသလဲ ဆိုတော့ **'သဘော'** ဖြစ်သွားတယ်၊ **'အကြောင်းအကျိုး'** ဖြစ်သွားတယ်၊ အဒိန္ဓာဒါနတင်နော်၊ အဲဒီ အဒိန္ဓာဒါနဟာ ဘာဖြစ်သွားတုံး (ကံဖြစ်သွားတယ်)၊ အဲဒါ ကံဖြစ်တာ– တဏှာ, ဥပါဒါန်, ကံ၊ ဘာတဲ့တုံး (တဏှာ, ဥပါဒါန်, ကံပါဘုရား)၊ အဲဒီ အဒိန္ဓာဒါနလေးက တဏှာ, ဥပါဒါန်, ကံပဲ၊ ပြီးတော့မှ နောက်ကျမှ ကမ္မဘဝပစ္စယာ (ဇာတိ, ဇရာမရဏ ပါဘုရား)၊ အေး ဇာတိ, ဇရာမရဏ ဖြစ်သွားတယ်၊ သတ္တဝါတွေ, လူတွေပါသေးလား (မပါပါဘူး ဘုရား)၊ ငါခိုးတာ, သူခိုးတာရှိသေးလား (မရှိပါဘုရား)၊ အဲဒီဉာဏ်ဟာ ဘယ်ရောက်သွားတုံး၊ စိတ်ထဲမှာ ငြိမ်းမသွားဘူးလား (ငြိမ်းသွားပါတယ်ဘုရား)၊ အဲဒါ နိဗ္ဗာန်ခေါ်တယ်၊ အဲဒီလို ဟာမျိုး၊ **'အကြောင်းအကျိုး'** သိသွားတယ်၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ ငါသူပျောက်သွားတယ်၊ မပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)၊ အေး အဲဒီလိုဟာမျိုးမှ ပထမတန်း ဖြစ်သွားတယ်၊ အဲလိုရိပ်မိရတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)၊ အဲဒါ အဒိန္ဓာဒါနဆိုရင်။

ကာမေသုမိစ္ဆာစာရဆိုတာလည်း အဲဒီလိုပဲ၊ ဘုန်းကြီးက ချပေးတယ်၊ အဒိန္ဓာဒါနာ ဝေရမဏိဆိုတာ လည်း လိုက်ဆိုတာပဲ၊ ပြီးတော့ ဘယ်လိုသဘောဆိုတာလည်း ဘယ်လိုမှမသိဘူး၊ ဘာပင်ကြီးကို ဘာဓားနဲ့ခုတ်ချ

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်

တယ်ဆိုသလို ဘယ်လိုမှလည်း မရိပ်မိဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

တို့ငယ်ငယ်တုန်းက ဥပုသ်စောင့်ကို လိုက်တာပဲ၊ တို့အမေအဖေတွေ တောရကျောင်းသွားတယ်၊ တောရကျောင်းက တကယ့်တောရကြီး၊ ရွာနဲ့ကို ၁မိုင်, ၂မိုင် ဝေးတယ်၊ ဂျောက်ဂျောက်–ဂျောက်ဂျောက်နဲ့သွားရတယ်၊ တစ်ခါတည်း ဆွမ်းတော်အုပ်ကြီးတွေ ရွက်လို့ပေါ့၊ ဆွမ်းအုပ်ကြီးတွေ သိသလား (သိပါတယ်ဘုရား)၊ ပုဂံက လာတဲ့ ဆွမ်းအုပ်ကြီးတွေ၊ အထဲထဲမှာ ဆွမ်းတွေထည့်တယ်၊ အလယ်ခွက်ကြီးထဲမှာ ဟင်းလျှာတွေက လေးကန့်, သုံးကန့် ထည့်တယ်၊ မုန့်တွေဘာတွေထည့်တယ်၊ ဆွမ်းအုပ်တစ်အုပ်တည်းနဲ့ပဲ နှံ့သွားတယ်၊ အခုလိုကတော့ ချိုင့်တွေနဲ့, အထုပ်တွေနဲ့, ပလတ်စတစ်အိတ်တွေနဲ့ နေမှာပေါ့၊ ဟိုတုန်းကတော့ ဆွမ်းအုပ်ကြီးနဲ့သွားတယ်။

အဒိန္နာဒါနဆိုရင် အဒိန္နာဒါနာ ဝေရမဏိပဲ သူတို့သိတယ်။ **'အဒိန္နာဒါန'** ဟာ ငါသူမဟုတ်ဘူးဆိုတာ သူတို့မသိဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ခိုးတဲ့သူဆိုရင် မမုန်းဘူးလား မုန်းသလား (မုန်းပါတယ်ဘုရား)၊ ခါးပိုက်နှိုက်တာလည်း အဒိန္နာဒါနပဲ၊ ခါးပိုက်နှိုက်တာလည်း ဘာခေါ်တုံး (အဒိန္နာဒါနလို့ ခေါ်ပါတယ်ဘုရား)။

'အဒိန္နာ'က အရှင်သည် မပေးသော သူ၏ဥစ္စာကို

'အာဒါန'က ယူခြင်း၊ အဒိန္ဒာဒါနဆိုတာ ဒါပဲ၊ **အဒိန္ဒ+အာဒါန**–ဆိုစမ်း (အဒိန္ဒ+အာဒါန)၊ **'အဒိန္ဒ'** က သူ့ဥစ္စာ၊ **'အာဒါန'**ကယူတာ၊ အေး အဓိပ္ပါယ်က အဲသလို၊ အဲဒါကို ငါ ဟိုတစ်နေ့က အဲသလိုယူခဲ့တယ်ကွ, ဘာကွ ညာကွနဲ့ အောက်မေ့လိုက်လို့ရှိရင်– **အကုသလော ဓမ္မော အကုသလ သ ဓမ္မသ**၊ အဲလိုခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့မလား)၊ ရှေ့က ကုသလောဆိုရင်– **ဒါနစေတနာ**၊ ခိုးတယ်ဆိုရင်– **အဒိန္ဒာဒါန စေတနာ**၊ အဲဒီလိုခေါ်တယ်၊ ဆင်ခြင်တယ်ဆိုရင်– **တံ ပစ္စဝေက္ခတိ**၊ အဲဒါက ပဥ္စာဝါရနဲ့ နိဒ္ဒေသ အကျယ်၊ အဲသလို အဲသလို၊ သဘော သဘော။

သဘောသိမှ လွယ်တယ်၊ သဘောမသိရင် ရှည်ရှည်မျှားမျှားကြီး သိလို့လည်း ဒီလိုသိချင်မှသိတယ်၊ ဒါကတော့ ပထမတန်း သိတဲ့ဟာကို အရိယာဖြစ်အောင် သိတဲ့ အသိမျိုး၊ ရိပ်မိပလား (မှန်ပါ့ဘုရား)၊ ခိုးတဲ့လူ ရှိသေးလား (မရှိပါဘုရား)၊ ပြီးတော့ ဒီ့ပြင်လူကိုလည်း ငြိုးသေးလား (မငြိုးပါဘုရား)၊ အေး အဲဒီလို၊ အခု သတ်တယ်, ဖြတ်တယ်, သေနတ်နဲ့ပစ်တယ် ခတ်တယ်, အကြမ်းဖက်တယ်ဆိုတာလည်း ဘာတွေတုံး–**ပါဏာတိပါတ**။

'ပါဏာတိပါတ'ဆိုတာ–**ပါဏံ ဟန္တာ၊ ပါဏံ ဟန္တာ တံ ပစ္စဝေက္ခတိ**–အဲဒါ အကုသလော ဓမ္မော အကုသလသ ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ **တံ ပစ္စဝေ**

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်

ကွတိ–ဆင်ခြင်တယ်၊ လိုက်သွားကွာ,သတ်ကွာ,ဘာဖြစ်လို့ ကွာနဲ့၊ ကားပုံးကြီးတွေ ဘာကြီးတွေနဲ့ အသေခံပြီးဖောက်တာတွေ,ဘာတွေညာတွေ၊ နောက် အဲသလိုဟာဖြစ်လာတယ်၊ ဟိုတစ်နှစ်ကမဖြစ်သေးဘူး၊ ဒီနှစ် အဲဒါလည်းဖြစ်ကရောနေတွေ မပူဘူးလား, ပူသလား(ပူပါတယ်ဘုရား)၊ အဲသလိုဖြစ်လာတယ်၊ မဟုတ်ဘူးလား (မှန်လှပါတယ်ဘုရား)။

အဲဒါ ဘယ်သူခံစားရသတုံးဆိုတော့ ဒကာမကြီးတို့လည်း သူတကာကို အဲဒီလိုလုပ်ခဲ့လို ဒကာမကြီးတို့ခံစားရတယ်၊ အိုဇုန်းလွှာကြီးကလည်း အကျယ်ကြီးပေါက်သွားပြီ၊ နေရောင်ခြည်တွေကလည်း အောက်ထိုးတယ်၊ အဲဒီနေ့ မပူခင်က ဘာဖြစ်လိုက်တုံးဆိုတော့ နာဂစ်ဆိုတဲ့ လေကြီးက တစ်ခါတည်း သစ်ပင်တွေလဲ့ပစ်လိုက်တာ ရန်ကုန်ဆိုရင် သစ်ပင်အကြီးကြီးတွေ မရှိတော့ဘူး၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ နယ်မှာလည်း ဒီလိုလဲ၊ သစ်ပင်အကြီးကြီးမရှိတော့ နေက မပူဘူးလား, ပူသလား(ပူပါတယ်ဘုရား)၊ အဲသလိုဖြစ်ကုန်တယ်။

'အကုသလောဓမ္မော အကုသလသဿ ဓမ္မဿ' ဖြစ်သွားတယ်၊ အဲဒါ စာလို၊ ပြီးတော့ သဘောလိုကလည်း အဲဒီလို ပြောတတ်ရတယ်(မှန်ပါ့ဘုရား)၊ ဒကာမကြီးတို့ကပါဠိကမက္ကျမ်းလို့၊ **ပါဏံ ဟန္တွာ၊ ပါဏံ**–သတ္တဝါကို၊ **ပါဏံ–** ပညတ်အားဖြင့်သတ္တဝါ,ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ

ကို၊ အဲဒါခွဲသေးတယ်၊ အဲဒါ ပဌာန်းလို့ခေါ်တယ်၊ **ပါဏာ–ဟန္တာ၊ ပါဏာ**–ပညတ်အားဖြင့် သတ္တဝါတွေ,ပရမတ္တအားဖြင့် ဇီဝိတိန္ဒြေကို၊ **ဇီဝိတံ အာဝါဟရေတိ ဇိဝှါ၊ ဇီဝိတံ**–အသက်ကို၊ **အာဝါဟတိ**–ခေါ်သက့ဲသို့ ဖြစ်တတ်၏၊ ခေါ်တတ်၏။ **ကုတိတသ္မာ**–ထို့ကြောင့်၊ **ဇိဝှါ**–ဇိဝှါမည်၏။

လျှာက မစားဘူးလား(စားပါတယ်ဘုရား)၊ စားတော့ ဒကာမကြီးတွေ အသက်မရှည်ဘူးလား(ရှည်ပါတယ်ဘုရား)၊ အဲဒါကို ဇီဝိတလို့ခေါ်တယ်၊ လျှာက စားတာကိုး၊ စားတော့မှ အသက်ရှည်လာတယ်၊ အဲဒါ **'ဇီဝိတ'** ခေါ်တယ်၊ အဲဒါ**'ပါဏာ'**ပဲ၊ ပညတ်အားဖြင့် ဒီကိုယ်လုံးကြီးပေါ့၊ ပညတ်အားဖြင့်ဘာတုံး (ကိုယ်လုံးကြီးပါဘုရား)၊ သုံးဆယ့်နှစ်ကောဌာသကြီး၊ အဲဒါ သတ္တဝါဖြစ်သွားတယ်၊ ပရမတ္ထအားဖြင့် ဒီကိုယ်လုံးကြီးက ဘာရတုံး၊ ဇီဝိတိန္ဒြေ ရတယ်၊ ပါဏာတိပါတက အဲသလိုရတာ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲလိုရလို့ အဲသလိုသတ်တာ၊ အရိယာက ဒီလိုမသတ်တော့ဘူး၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲဒါပြောချင်လို့၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

ပါဏာ ဟန္တာ တံ ပစ္စဝေက္ခတိ–အဲဒါက အကုသိုလ်က အကုသိုလ်ကို၊ ခုနတုန်းက အဲဒီလိုသတ်ပြီးတော့ အဲဒီဟာတွေကို ဖုံးရအောင်,ကုသိုလ်တွေကကျော်သွားအောင် လို့ပေါ့၊ ဥပမာ အနော်ရထာမင်းကြီးပေါ့၊ ကိုယ်ဝန်သည်တွေ

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်သတ်, ကလေးတွေရောသတ်, နွားကျောင်းသားထိအောင်သတ်၊ ရဟန်းဖြစ်သွားပြီဆိုမှ မသတ်တော့တယ်၊ အဲဒီ အပြစ်ပျောက်အောင်ဆိုပြီးတော့ ဘုရားတွေ လွှတ်တည်၊ မတည်ဘူးလား (တည်ပါတယ်ဘုရား)၊ အကြီးအကျယ်။

ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ စေတိယံ ကရောတိ–အေး အဲဒီလိုဟာမျိုး၊ အဲဒီ အကုသိုလ်, သတ်ပြီး အဲဒါတွေပျောက်အောင်ဆိုပြီး ကုသိုလ်တွေလုပ်တာ၊ မဟုတ်ဘူးလား(မှန်ပါဘုရား)၊ လူတွေမလုပ်ဘူးလား, လုပ်သလား(လုပ်ပါတယ်ဘုရား)၊ အခုရောမလုပ်ဘူးလား, လုပ်သလား (လုပ်ပါတယ်ဘုရား)၊ ကုသိုလ်လည်း အဲဒီလိုဟာမျိုးပဲ၊ ဟုတ်ကဲ့လား(မှန်ပါတယ်ဘုရား)၊ အဲဒါက အကုသလော ဓမ္မောပဲ။

ခုနတုန်းက–**တဏှာပစ္စယော**(ဥပါဒါနံပါဘုရား)၊ **ဥပါဒါနပစ္စယော**(ကမ္မဘဝပါဘုရား)၊ **ကမ္မဘဝ ပစ္စယာ** (ဇာတိ, ဇရာမရဏာပါဘုရား)၊ အဲဒီဟာတွေကို အနိစ္စ ဒုက္ခတင်လိုက်တော့ ဒါပထမတန်းဖြစ်သွားတာပဲ၊ အရိယာဖြစ်သွားတယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)၊ သတ္တဝါလို့ယူနေရင်မဖြစ်ဘူး၊ ခိုးတာလည်း သတ္တဝါမဟုတ်ဘူး–**ပဋိစ္စသမုပ္ပါဒ်**၊ သတ်တာလည်း '**ပဋိစ္စသမုပ္ပါဒ်**'ပဲ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

အဲဒီလိုယူလိုက်တော့ စိတ်ထဲရှင်းမနေဘူးလား(ရှင်းပါတယ်ဘုရား)၊ အဲဒါကို သောတာပတ္တိဖြစ်သွားတယ်လို့

ပြောတာ၊ အဂုံလိမာလကြီးလည်း အဲသလိုရှင်းသွားတယ်၊ သတ်ပြီးတော့ မြတ်စွာဘုရား တရားဟောလိုက်တာနဲ့ ရှင်းသွားတယ်၊ ငါကတော့ရပ်ပြီ,ဒုစရိုက်မလုပ်တော့ဘူးဆိုတာနဲ့– **အရိယာယ ဇာတိယာ ဇာတော နာဘိဇာနာမိ သဗ္ဗိတ္ထပါဏံ ဇီဝိတာ ဝေါရောပေတာ၊**အရိယာဖြစ်တော့ သတ္တဝါတွေကို မသတ်တော့ဘူးတဲ့၊ လိမ်လည်းမပြောဘူးတဲ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ခိုးလည်းမခိုးတော့ဘူး၊ အဲဒါ မှန်သောစကားဆိုရခြင်းကြောင့် သင့်ကိုယ်ဝန် ချမ်းသာလွယ်ကူစေသတည်းဆိုရင်,အဲဒါလေးနဲ့ပဲ ပထမတန်းဖြစ်သွားတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ပါဏံ–ပညတ်အားဖြင့်သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို၊ **ဟန္တွာ–**သတ်၍။

သတ္တဝါသတ်တယ်ဆိုတာ **'ဝဓကစေတနာ'**ခေါ်တယ်၊ ဘာခေါ်တုံး(ဝဓကစေတနာခေါ်ပါတယ်ဘုရား)၊ သတ်ချင်တဲ့ စေတနာ, သတ်လိုတဲ့စေတနာ၊ ဒကာမကြီးတို့ ရှိသလား(မရှိပါဘူးဘုရား)၊ စစ်ဖြစ်နေတဲ့သူတွေကျတော့ ရှိလာတယ်၊ ကာလဝိပတ္တိကျတော့ရှိတယ်၊ အဲဒါဂရုစိုက်။

ပါဏံ ဟန္တွာ တံ ပစ္စဝေက္ခတိ၊ အဲဒါဆင်ခြင်တာက – **အကုသိလ်၊** သတ်တဲ့စေတနာက–**အကုသိလ်၊** အကုသိလ်က အကုသိလ်ကိုဆိုတော့–**အကုသလောဓမ္မော အကုသလသဿဓမ္မဿ** (အကုသလောဓမ္မော အကုသလသ ဓမ္မဿ)၊

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်

အေး အဲသလို သွားရတယ်၊ အကုသိုလ်,အကုသိုလ်အချင်းချင်း၊ သွားမဆင်ခြင်လိုက်နဲ့၊ ဆင်ခြင်လိုက်လို့ရှိရင် အကုသိုလ် သွားဖြစ်တယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ကြမ်းပိုးလေးတွေ သတ်တာ, သန်းကလေးတွေသတ်တာ၊ အဲဒါမျိုးတွေ မလုပ်နဲ့၊ အဲဒီလို သွားသွားဖြစ်တတ်တယ်။

အဲဒီတော့ သတ်တာကဘယ်သူတုံး၊ အရင်တုန်းကတော့ ငါသတ်တယ်လို့ဆိုတယ်၊ နောက်တရားရချင်ပြီဆိုတော့ **တဏှာပစ္စယော**(ဥပါဒါနံ)၊ **ဥပါဒါနပစ္စယော** (ကမ္မဘဝ)၊ **ကမ္မဘဝပစ္စယာ**(ဇာတိ,ဇရာမရဏာပါဘုရား)၊ အနိစ္စ ဒုက္ခ အနတ္တရောက်သွားတာပဲ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ သတ်တာတွေ အနိစ္စ ဒုက္ခ အနတ္တဆိုတော့ ကဲ ရှိသေးလား(မရှိတော့ပါဘုရား)၊ သတ္တဝါရောရှိသေးလား(မရှိတော့ပါဘုရား)၊ အေး အဲဒီလိုသွားဖြစ်တတ်တယ်၊ လောကုတ္တရာဖြစ်သွားတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ဟိုကျတော့ ဘုရားဆုတောင်းတယ်၊ ဘုရားကြီးတွေ တည်ကြတယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)၊ **'ပါဏံ ဟန္တွာ တသ ပဋိယာတတ္တာယ,ကုသလံကရောတိ'** လည်းဆိုလို့ရတယ်၊ **'စေတိယံ ကရောတိ'** လည်းဆိုလို့ရတယ်၊ အဲဒါစေတီကိုပြုလုပ်တယ်၊ ဘုရားတည်တယ်,ကျောင်းဆောက်တယ်၊ **ဝိဟာရံ ကရောတိ**–ကျောင်းဆောက်တယ်ပေါ့၊ အဲဒါကျတော့–**အကုသလောဓမ္မော ကုသလသဓမ္မ**

သ၊ အေး အဲသလိုဆိုရတယ်၊ ရှေ့ကဟာက**'အတိတ်'** မဟုတ်လား(မှန်ပါဘုရား)၊ နောက်ကဟာက**'ပစ္စုပ္ပန်'** မဟုတ်လား(မှန်ပါဘုရား)၊ အဲဒါအာရုံပြုလိုက်တာ၊ အဲဒါသိသွားတယ်–**အကုသလောဓမ္မော ကုသလသဿမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော၊** အဲဒါက နိဒ္ဒေသ၊**'ပါဏံ ဟန္တွာ'** ဆိုတာက ပဏ္ဍာဝါရလို့ အဲသလိုခေါ်တယ်။

'အကုသလော ဓမ္မော'ဆိုတာက နိဒ္ဒေသ၊**'ပါဏံ ဟန္တွာ'**လို့ဖော်ပြလိုက်တာက ပဏ္ဍာဝါရ၊ ဖော်ပြလိုက်တာက ဘာတုံး(ပဏ္ဍာဝါရပါဘုရား)၊ အေး အဲသလိုဟာမျိုးခေါ်တယ်၊ စင်စစ် ဒါကဖြင့် ဒီလိုသိဖို့ပဲ၊ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ **သတ္တဝါ ဘယ်သူသတ်သတုံး**–စေတနာကသတ်တာ၊ ဒီကာယကံ မပါဘူးလား(ပါပါတယ်ဘုရား)၊ ဓားတွေ,လက်နက်တွေနဲ့၊ မထိုးဘူးလား(ထိုးပါတယ်ဘုရား)၊ အဲဒါ ကာယံကံနဲ့ မနောကံ၊ ဘာတဲ့တုံး(ကာယကံနဲ့ မနောကံပါဘုရား)၊ **မနောကံ,ကာယကံ–**သေရောကွာဘာကွာနဲ့၊ ဟိုထဲမှာ သေနတ်တွေနဲ့ဟိုပစ်ဒီပစ်၊ မပစ်ဘူးလား(ပစ်ပါတယ်ဘုရား)၊ ပါးစပ်ကပြောရင် –**ဝစီကံ။**

မနောကံ,ဝစီကံ,ကာယကံ သဗ္ဗဒေါသခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ,တရားရတနာ၊ **တရားရတနာ**–အေး အဲဒီဟာပါပဲ၊ တစ်ခါတည်း

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်ဘယ်လိုပျောက်သွားသတုံးဆိုတော့–**တဏှာပစ္စယော**(ဥပါဒါနံ)၊ **ဥပါဒါနပစ္စယာ** (ကမ္မဘဝ)၊ **ကမ္မဘဝ–ပါဏာတိပါတ** လုပ်လိုက်တယ်၊ **အဒိန္နာဒါန**–ခိုးလိုက်တယ်၊ ကာမေသုမိစ္ဆာစာရ လုပ်လိုက်တယ်၊ နောင်သွားဆင်ခြင်ရင်, အဲဒါမျိုးကို **'အကုသလော ဝမ္မော အကုသလသမ္ဘဝ'** ဖြစ်သွားပြီးတော့ ဒါ ဒကာမကြီးတို့ မဟုတ်ဘူးလို့ဆိုလိုက်လို့ ရှိရင် အကြောင်းအကျိုးတွေလို့ မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)။

'အကြောင်းအကျိုး' ဆိုတော့ ဒကာမကြီးတို့ ဟုတ်သေးလား(မဟုတ်ပါဘုရား)၊ ဒကာကြီးတို့ရောဟုတ်သေးလား(မဟုတ်ပါဘုရား)၊ ဒီတော့ ကာယကံ,ဝစီကံ,မနောကံ တွေရှိသေးလား(မရှိပါဘုရား)၊ မရှိတော့စိတ်ထဲဘယ့်နှယ့်နေသတုံး(ငြိမ်းအေးပါတယ်ဘုရား)၊ အဲဒါ အလုပ်မလုပ်တော့ဘူး၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ သတ္တဝါတွေမသတ်တော့ဘူး၊ သူ့လည်း မဆင်ခြင်တော့ဘူး(မှန်ပါ့ဘုရား)၊အဲသလို။

'ကုသလောဝမ္မော ကုသလသမ္ဘဝ' ကလည်းအဲဒီလိုဟာတွေလာတယ်၊ **'ကုသလော ဝမ္မော'** ဆိုတာက ပုစ္ဆာခေါ်တယ်ပေါ့၊ ဟိုဟာကျတော့ **'ဒါနံ ဒတ္တာ'** ပဲခေါ်တယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)–**သီလံရက္ခိတ္တာ၊ ဒါနံ**–အလှူရှင်ကို၊ **ဒတ္တာ**–ပေးလှူ၍၊ **သီလံ**–သီလကို၊

ဘဒ္ဒန္တဂ္ဂေ္ဂါဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)

ရက္ခိတ္တာ–စောင့်ရှောက်၍၊ **ဥပေါသထံ**–ဥပုသ်ကို၊ **ကတ္တာ**–ပြု၍။

အဲဒါက ကုသိုလ်ကံ၊ ရှေ့ကကုသိုလ်တွေနော်၊ **တံပစ္စဝေက္ခတိ**–အဲဒါ ကုသလောဝမ္မော ကုသလသဿဝမ္မသ၊ အဲဒါနှစ်ခု–နှစ်ခု၊ **တံ**–ထိုကုသိုလ်ကို၊ **ပစ္စဝေက္ခတိ**–ဆင်ခြင်၏။ အဲဒါကုသိုလ်ကို ဆင်ခြင်တာ၊ ကုသိုလ်က ကုသိုလ်ကို ဆင်ခြင်တယ်၊ **'ကုသလော'** က **'သည်'** လို့ပေးရတယ်–ကတ္တား၊**'ကုသလသဿ'** က သမ္မဒါန်–**'အား'** လို့ပေးရတယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)၊ အေး အဲသလိုသွား၊ အဲဒါဘာတွေတုံး–အဲဒါ**'ကံတွေ'** ဖြစ်သွားတယ်၊ အဲဒါဘာတွေတုံး(ကံတွေပါဘုရား)၊ မနောကံ,ဝစီကံ,ကာယကံ–အေး အဲဒါလူတွေဟုတ်သေးလား(မဟုတ်ပါဘုရား)၊

'ကံ' ဘာကြောင့်ဖြစ်သတုံး(ဥပါဒါန်ကြောင့်ပါဘုရား)၊ **'ဥပါဒါန်'**ဘာကြောင့်ဖြစ်သတုံး(တဏှာကြောင့်ပါဘုရား)၊ အေး အဲသလို အဲသလို၊ အဲသလိုလာတာ၊ **တဏှာ မဖြစ်ရင်**(ဥပါဒါန်မဖြစ်ပါဘုရား)၊ **ဥပါဒါန်မဖြစ်ရင်** (ကံမဖြစ်ပါဘုရား)၊ **ကံမဖြစ်ရင်**(ဇာတိ,ဇရာမရဏ မဖြစ်ပါဘုရား)၊ ဇာတိ, ဇရာမရဏ မဖြစ်တော့ဘူးတဲ့၊ အဲဒီလို ပဋ္ဌာန်းနဲ့, ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့၊ အဲဒီလိုသွားရတယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)။

ဒီတော့ သတ္တဝါတွေ ပျောက်မသွားဘူးလား(ပျောက်

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသော တရားတော်သွားပါတယ်ဘုရား)၊ စိတ်ထဲမှာသတ္တဝါတွေပျောက်မသွားဘူးလား(ပျောက်သွားပါတယ်ဘုရား)၊ ဒါကြောင့်–Mind has no people လို့ခေါ်တယ်၊ စိတ်ထဲမှာသတ္တဝါတွေမရှိတော့ဘူး၊ မငြိမ်းဘူးလား, ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)၊ ကဲ တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

သတ္တဝါမရှိဟူသော အသိသည်သာ လိုရင်းဖြစ်သည်။